# လုံခြုံမှု

**ဆရာသိန်းသန်း**

လူ့ဘဝမှာ “လုံခြုံမှု” ရှိဖို့ သိပ်အရေးကြီးပါတယ်။ ကာကွယ်စောင့်ရှောက်မှုရှိမှလည်း လုံခြုံမှုဆိုတာရှိမှာပါ။ ဘယ်သူမှ လမ်းပေါ်မှာ မနေချင်ပါဘူး။ ဒါကြောင့်လည်း နေပူဒဏ်၊ မိုးဒဏ်၊ အအေးဒဏ်ခံနိုင်ဖို့ အမိုးအကာ လုံခြုံတဲ့ အိမ်ထဲမှာပဲ နေကြပါတယ်။

လုံလုံခြုံခြုံရှိဖို့ အဝတ်အစား ဝတ်ကြတယ်။ ဘေးဥပါဒ်မဖြစ်ဖို့ ထမင်းဟင်းစားသောက်ဖွယ်ရာများကို လုံခြုံစွာ ဖုံးအုပ်ရတယ်။ အိပ်ရင်တောင်မှ လုံလုံခြုံခြုံရှိဖို့ ခြင်ထောင်ပင် ထောင်ရသေးတယ်မဟုတ်ပါလော။ ဒါတင်မကသေး ရွှေ၊ ငွေ၊ ရတနာများ၊ အဖိုးတန်ပစ္စည်းများကိုလည်း လုံလုံခြုံခြုံဖြစ်အောင် သော့ခတ်သိမ်းထားရတယ်။ တိုင်းပြည်ရပ်ရွာလုံခြုံရေးအတွက်လည်း စစ်တပ်၊ ရဲ၊ အာဏာပိုင်များ ထားရှိရပါတယ်။

လူမမယ်ကလေးများ ဘေးကင်းလုံခြုံဖို့ သူတို့မိဘများက တာဝန်ယူထားရပါတယ်။ ဒီလိုပါပဲ ကမ္ဘာ့ပထမဆုံးလူသားနှစ်ဦးဖြစ်တဲ့ အာဒံနဲ့ဧဝတို့ ဘုရားသခင်ဖန်ဆင်းစက အဝတ်မပါဘူး။ ဝတ်ဖို့လည်း မလိုဘူး။ ဘာကြောင့်လဲ? ဘုရားသခင်ရဲ့ ဘုန်းတော်ရောင်ခြည်က လွှမ်းခြုံထားလို့ပါပဲ။ အရှက်အကြောက်ကောရှိသလား? မရှိပါဘူး။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ပညတ်တော်ကိုချိုးဖောက်မိပြီး အပြစ်က သူတို့ကို လွှမ်းမိုးလာတဲ့အခါ လုံခြုံမှုကင်းမဲ့သွားပြီး အရှက်အကြောက်ကြီးစွာ ရရှိခဲ့ပါတယ်။

ဘုရားသခင်နဲ့ မိဿဟာရပျက်ပြီး ခြုံထဲမှာ ပုန်းကွယ်ခဲ့ရပါတယ်။

အာဒံနဲ့ဧဝတို့က ဆင်းသက်လာတဲ့ ကျွန်ုပ်တို့လူသားအားလုံးမှာလည်း မွေးကတည်းက အပြစ်ဗီဇပါလာပြီး ကောင်းမှုကုသိုလ်တွေထက် အပြစ်ဒုစရိုက်အလုပ်တွေကိုပဲ ကျူးလွန်လုပ်မိခဲ့ကြတယ်။ လူ့ဘဝအသက်တာမှာ ရှက်ကြောက်ခြင်း၊ အထီးကျန်ဆန်ခြင်းစတဲ့ ခံစားမှုတို့နဲ့ တမလွန်ဘဝအတွက်လည်း အာမခံချက်မရှိ။ အပယ်ငရဲကျဖို့ပဲ ရှိနေပါတယ်။

အာဒံနဲ့ဧဝတို့ဟာ သူတို့ရဲ့ အရှက်အကြောက်လုံခြုံဖို့အတွက် သဘော်သဖန်းပင်အရွက်တွေနဲ့ ခါးစည်းလုပ်ပါတယ်။ ဒါပေမဲ့ ခဏပါပဲ။ ခြောက်သွေ့ပြီး လေတိုက်တဲ့အခါ ဒုက္ခပြန်ရောက်ရတော့တာပါပဲ။

ကျွန်တော်တို့လည်း ဘဝလုံခြုံဖို့အတွက် အိမ်ထောင်ပြုကြတယ်။ ငွေကြေးချမ်းသာကြွယ်ဝဖို့ နည်းမျိုးစုံနဲ့ ကြိုးစားကြတယ်။ တချို့က ပညာရှာတယ်။ တချို့ကျတော့ ဘာသာတရားနဲ့ အမျိုးမျိုးကုစားကြတယ်။ ခဏတာဘဝအတွက် လုံခြုံပေမယ့် ထာဝရကာလအတွက်တော့ မလုံလောက်ပါဘူး။ ချစ်သောမိတ်ဆွေ သင့်ဘဝလုံခြုံဖို့အတွက် အာဒံနဲ့ဧဝတို့ကဲ့သို့ သစ်ရွက်တည်းဟူသော လောကအရာများနဲ့ ဖုံးအုပ်ကြိုးစားနေပါသလား?

အာဒံနဲ့ဧဝတို့ အရှက်လုံဖို့အတွက် ဘုရားသခင်က သားရေဖြင့်ဝတ်လုံကို လုပ်၍ ပေးခြုံစေခဲ့တယ်။ ဒါပေမဲ့ ဝတ်လုံရဖို့အတွက် အပြစ်မရှိတဲ့ သိုးကလေးကို သတ်ခဲ့ရပါတယ်။

မိတ်ဆွေတို့ ကျွန်တော်တို့ရဲ့အပြစ်တွေကို ဖုံးအုပ်ဖို့အတွက် သိုးသူငယ်ဖြစ်တဲ့ ယေရှုခရစ်တော်ဟာ လက်ဝါးကပ်တိုင်ပေါ်မှာ အသွေးသွန်းလောင်းအသေခံခဲ့ပါတယ်။ သူ့ရဲ့ အသွေးတော်နဲ့ ကျွန်တော်တို့ရဲ့ အရှက်အကြောက်အဖြစ် အကုသိုလ်၊ ကျိန်ခြင်း အမင်္ဂလာတွေကို ဖုံးအုပ်ခဲ့ပြီးပါပြီ။

ယေရှုဟာ ကျွန်တော်တို့အပြစ်အတွက် အသေခံပြီး (၃) ရက်မြောက်တဲ့နေ့မှာ သေခြင်းမာန်ကို အောင်မြင်ခဲ့ပါတယ်။ ယနေ့ထိတိုင် မပြောင်းမလဲ အသက်ရှင်တဲ့ဘုရားဖြစ်ပါတယ်။ မိတ်ဆွေရဲ့ နောင်တမလွန်ရေးအတွက် လုံခြုံစိတ်ချမှုကို ရယူနိုင်ပါတယ်။

မိတ်ဆွေရဲ့နာမည်ဟာ ကောင်းကင်အသက်စာစောင်စာရင်းထဲမှာ ရေးမှတ်ခြင်းခံရမယ်။ ငရဲသွားစရာ၊ သံသရာလည်စရာလည်း မလိုတော့ပါဘူး။ ယေရှုက တာဝန်ယူလိုက်လို့ပါပဲ။ ယေရှုခရစ်တော်က မိတ်ဆွေရဲ့ နောင်တမလွန်ရေး တစ်ခုအတွက်ဘဲ လုံခြုံစိတ်ချမှု ပေးတာမဟုတ်ပါဘူး။ ယခုဘဝ စားဝတ်နေရေးကိုလည်း သူက တာဝန်ယူပေးမှာဖြစ်ပါတယ်။

ကုန်ဈေးနှုန်းကြီးမြင့်မှု၊ စစ်မက်သတင်းများ၊ သဘာဝမုန်တိုင်းဘေးများ၊ မြေငလျင်သတင်းများ ကြားနေရချိန်မှာ မိတ်ဆွေရဲ့ အသက်တာလုံခြုံစိတ်ချမှုကို ရထားပြီးပါပြီလား?

လုံခြုံစိတ်ချမှုရဖို့ ယေရှုခရစ်တော်ဆီ လှမ်းလာခဲ့ပါ မိတ်ဆွေ။